စာရိတ္တမကောင်းဘဲ ရှိနိုင်ပါမည်နည်း၊ သို့သော် "တိုင်းသူပြည်သားတို့၏ စာရိတ္တကို ပြုပြင်ကြတော့မည်"ဟု ကြံစည်သည်နှင့် တပြိုင်နက် မိမိတို့၏ စာရိတ္တကိုလည်း အဘက်ဘက်က အချက်ကျအောင် ပြုပြင်ပြီး ဖြစ်မှသာ အပြုပြင်ခံရသော တိုင်းသူပြည်သားတို့ လိုက်နာလိုကြပေမည်၊ မိမိတို့ စာရိတ္တက မလုံလောက်ပါဘဲ "ငါဆို-မဆိုနဲ့ နင်ဆို-ဆို"ဟူသော ပြောဟော ပြုပြင်ခြင်းမျိုးကား အကျိုးမရသည့်ပြင် အပြစ်တင်သာ ခံရတတ်ပါသည်။

**အတ္တာနမေဝ ပဌမံ၊ ပဋိရူပေ နိဝေသယေ။**
**အထညမနုသာသေယျ၊ န ကိလိသေယျ ပဏ္ဍိတော။**

ပဌမ ရှေးဦးစွာ မိမိကိုယ်ကို သင့်တော်သော ဂုဏ်၌ သွင်းထားရမည်၊ ထို့နောက်မှ သူတပါးကို မိမိကဲ့သို့ဖြစ်အောင် သွန်သင် ဆုံးမ နည်းလမ်းပြရမည်၊ မိမိသော်မှ မပြုနိုင်သော ကိစ္စဝယ် သူတပါးကို တိုက်တွန်းလျှင် အကျိုးမရဘဲ သူတပါးအထံမှ အကဲ့ရဲ့ကိုသာ ခံရတတ်သည်၊ အကြောင်းအကျိုး မြင်သိသော ပညာရှိသည် ထိုသို့ အကဲ့ရဲ့ခံရခြင်းဖြင့် မိမိကိုယ်ကို မပင်ပန်းပါစေလင့်။ (ဓမ္မပဒ, အတ္တဝဂ်, ဥပနန္ဒဝတ္ထု)

၄။ ထို့ကြောင့် တိုင်းသူပြည်သားတို့ အကိုးကွယ်ကို ခံယူကာ ဆရာလုပ်၍ နေကြရသော ရဟန်း သံဃာတော်များသည် မိမိတို့၏ ကိုယ်ကျင့် စာရိတ္တကို ပဌမဦးစွာ ပြုပြင်ရာ၌ ရှင်သာမဏေဘဝမှ စ၍ ပြုပြင်သင့်သော